# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 26, 2019 Volume 16, Number 17


**၂၆.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၃၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၉.၃/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၅.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၆.၇ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၀.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၅.၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၈၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၈၂ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၉၉ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၃.၁၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၅၄၀ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ကုန်ပစ္စည်းဖလှယ်စနစ်ဖြင့် တရုတ်နိုင်ငံသို့ ဆန်တန်ချိန်လေးသိန်းရောင်းရေး MoU ရေးထိုးရန် စီစဉ်



ကုန်ပစ္စည်းဖလှယ်သည့်စနစ်ဖြင့်တရုတ်နိုင်ငံသို့ ဆန်တန်ချိန်လေးသိန်း တရားဝင်ရောင်းချရေးလာမည့် မတ်လတွင် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြေညာချက်ထုတ်ပြန်သည်။ ၂၀၁၉ တွင် ဆန်တန်ချိန် လေးသိန်းကို တရားဝင် တင်ပို့နိုင်ရေး တရုတ်နိုင်ငံနှင့် အလွတ်သဘော ညှိနှိုင်းခဲ့သည်ဟု ဖော်ပြထားသည်။ ၂၀၁၆ ကစတင်၍ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှ တရားဝင် ဆန်တန်ချိန် တစ်သိန်း ဝယ်ယူရန် ခွဲတမ်းပေးခဲ့သည်။ နယ်စပ်မှ ဆန်တင်ပို့ရန် အခက်အခဲကြုံတွေ့နေချိန်တွင် ကုန်ပစ္စည်းဖလှယ်သည့်စနစ်ဖြင့် ဆန်ရောင်းချမည့် အစီအစဉ်က နွေစပါးအသစ်ပေါ်ချိန် စပါးဈေး ကောင်းရနိုင်ကြောင်း ဆန်ကုန်သည်အချို့က ပြောသည်။

မြန်မာမှ ဆန်နှင့် ဆန်ကွဲတင်ပို့ရောင်းချပြီး တရုတ်နိုင်ငံမှ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများစသည်တို့ကို ပြန်လည် ဝယ်ယူမည့် အစီအစဉ်ဖြစ်သည်။

ကူမင်းမြို့တွင် ကျင်းပသောဒုတိယအကြိမ် မြန်မာ-တရုတ် စီးပွားရေးစကြံလမ်းဖိုရမ်သို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကိုယ်စားလှယ်များကို တရုတ်အစိုးရတာဝန်ရှိသူများက နယ်စပ်မှ ဆန်နှင့် ဆန်ကွဲတရားမဝင် တင်ပို့ခြင်းကို ထိရောက်စွာ အရေးယူမည်ဟု အသိပေးပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရားဝင် တင်ပို့ရေးကို အားပေးမည်ဟု ပြောသည်ဟုဆိုသည်။

နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ဆန်နှင့် ဆန်ကွဲ ရောင်းချမှုသည် ၁၀ လအတွင်း တန်ချိန် တစ်သန်းခန့် ရှိပြီး ထိုပမာဏက ပြီးခဲ့သည့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန်ရှစ်သိန်းခန့် လျော့နည်းသည်။

ထို့ကြောင့် ၂၀၁၈ ဧပြီမှ ၂၀၁၉ မတ်လအထိ တန်ချိန်နှစ် သန်းကျော်သာ တင်ပို့နိုင်မည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌဟောင်း ဦးချစ်ခိုင်က ခန့်မှန်းသည်။ ပြည်တွင်း၌ ဆန်လက်ကျန် တန်ချိန်တစ်သန်းကျော်ရှိနေခြင်းက မကြာမီလများတွင် အသစ်ပေါ်ထွက်မည့် နွေစပါးအတွက် စိုးရိမ်ကြောင်းဖေဖော်ဝါရီ

၉ ရက်က မန္တလေးမြို့၌ ပြုလုပ်သော မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ညီလာခံ၌ ဦးချစ်ခိုင်က ပြောကြားခဲ့သည်။

ထိုအခြေအနေကို ကျော်လွှားနိုင်ရေး မြန်မာ-တရုတ်စီးပွား ရေးစင်္ကြံလမ်းနှင့် ဆက်စပ်ပြီး တရုတ်နိုင်ငံသို့ တရားဝင်ဆန် ရောင်းချနိုင်ရန် ဆန်စပါးအသင်း ချုပ်ကိုယ်စားလှယ်အချို့ ကူမင်းမြို့သို့ သွားရောက်ဆွေးနွေးခဲ့ သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းကိုယ် တိုင်တက်ရောက်ခဲ့သော မြန်မာ- တရုတ် စီးပွားရေးစင်္ကြံလမ်း ဒုတိယအကြိမ် ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံက မူဆယ်၊ မန္တလေး၊ ကျောက်ဖြူနှင့် မူဆယ်၊ မန္တလေး၊ ရန်ကုန်ရထားလမ်း ဖောက်လုပ်ရေး ဦးစားပေးဆွေးနွေးခဲ့သည်။

**Source:** http://www.7daydaily.com/story/150865

## ယခုနှစ်အတွင်း မတ်ပဲတန်ချိန် လေးသိန်းဝယ်ယူပေးရန် အိန္ဒိယအစိုးရထံ တောင်းဆိုထား

မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် လေးသိန်းခန့်ကို ယခုနှစ်အတွင်း ဝယ်ယူပေးရန် အိန္ဒိယအစိုးရထံ တောင်းဆို ထားကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

နယူးဒေလီမြို့တွင် ဖေဖော်ဝါရီ ၂၁ ရက်ကစ၍ သုံးရက်ကြာ ကျင်းပသော 4th ASEAN-India Expo and Summit သို့ စီးပွားကူးသန်း ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပဲ၊ နှမ်းကုန်သည်များလိုက်ပါပြီး အိန္ဒိယအစိုးရ တာဝန်ရှိသူများကို တောင်းဆိုခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။ မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အိန္ဒိယသို့ လွတ်လပ်စွာ ရောင်းချခွင့်ရရှိရေးနှင့် မြန်မာနိုင်ငံမှ ပဲဝယ်ယူမှုကို အချိန်ကန့်သတ်ခြင်း မပြုလုပ်ရန်လည်း တောင်းဆိုခဲ့သည်ဟု ဆိုသည်။ လာမည့် မတ်လတွင် မတ်ပဲအသစ် ပေါ်ထွက်မည်ဖြစ်ပြီး တန်ချိန် လေးသိန်းကျော် ဈေးကွက်ထဲ ရောက်ရှိလာနိုင်မည့် မတ်ပဲများ၏ အများဆုံးသော ပမာဏကို အိန္ဒိယနိုင်ငံက ဝယ်ယူသဖြင့် ဇန်နဝါရီလ ကုန်ကစတင်ပြီး မြန်မာနိုင်ငံမှ မတ်ပဲတင်သွင်းမှု အိန္ဒိယက ရပ်တန့်လိုက်ချိန်တွင် ပြည်တွင်းပဲစိုက်ပျိုးသူများ၊ ကုန်သည်များနှင့် အစိုးရက စိုးရိမ်ခဲ့သည်။

"ကျွန်တော်တို့ဘက်က လိုအပ်တာတွေ တောင်းဆိုခဲ့တယ်။ သူတို့ဘက်က မတ်လမတိုင်မီ အကြောင်းပြန်မယ် ထင်တယ်" ဟု အိန္ဒိယအစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် အခြေအနေကို ဦးမင်းကိုဦး က ပြောသည်။

မြန်မာနိုင်ငံမှ မတ်ပဲဝယ်ယူရေးကို ကုန်သည်များနှင့် ဖွဲ့စည်းထားသော စီးပွားရေးအသင်းအဖွဲ့များသာမက ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တောင်းဆိုခဲ့၍ အိန္ဒိယအစိုးရက တုံ့ပြန်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆိုသည်။ လက်ရှိ အိန္ဒိယ အဝယ်နည်းသော်လည်း ပါကစ္စတန်နှင့် UAE နိုင်ငံတို့၏ ဝယ်လိုအားအချို့ကြောင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကျပ် ၆၃၀,၀၀၀ ဈေးရှိသည်။ "အခုဈေးအတိုင်းသာ ရှိနေရင် လယ်သမားတွေ အရင်းမရှုံးတော့ဘူး ပေါ့"ဟု ဓနုဖြူမြို့နယ်မှ လယ်သမား ဦးသိန်းအောင်က ပြောသည်။

**Sourece:** http://www.7daydaily.com/story/150884

## ဆီဈေးကျဆင်းရေး ရန်ကုန်တိုင်းအစိုးရနှင့် စက်သုံးဆီကုမ္ပဏီအချို့ ပူးပေါင်းဆောင်ရွက်ရန်ရှိဟုဆို




ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့် စက်သုံးဆီကုမ္ပဏီ အချို့ ပူးပေါင်း၍ ဆီဈေးကျဆင်းရေး ဆောင်ရွက်ရန် ရှိကြောင်း လုပ်ငန်းရှင်အချို့က ပြောသည်။ ရန်ကုန်တိုင်း ဒေသကြီးအစိုးရက YP ကုမ္ပဏီအားစက်သုံးဆီဈေး လျှော့ ရောင်းရန် ထောက်ပံ့ပေးပြီးနောက် အခြားစက်သုံးဆီ ကုမ္ပဏီများကလည်း ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်နေ ကြောင်း ၎င်းတို့ကဆိုသည်။

စက်သုံးဆီဈေး ကျဆင်းရေး ပူးပေါင်းဆောင်ရွက်ရန် ဆိုကာ ဖေဖော်ဝါရီ ၂၀ ရက်က Kyaw San စက်သုံးဆီ ကုမ္ပဏီနှင့်ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တွေ့ဆုံဆွေးနွေး သည့်သတင်းကို ရန်ကုန်တိုင်းအစိုးရက ထုတ်ပြန်ပြီးနောက် အလားတူပူးပေါင်း လုပ်ကိုင်မည့် စက်သုံးဆီကုမ္ပဏီများရှိကြောင်း သတင်းထွက်ပေါ်ခဲ့သည်။

"နောက်ထပ်စက်သုံးဆီ ကျဆင်းရေး ပူးပေါင်းဆောင်ရွက်ဖို့အတွက် ဘယ်လိုလုပ်နိုင်မလဲဆိုပြီး ဝန်ကြီးချုပ်နဲ့ တွေ့ဆုံခွင့်တင်ထားတဲ့ ကုမ္ပဏီရှစ်ခုလောက်ရှိ သေးတယ်လို့ သိရတယ်။ ဘယ်လိုပူးပေါင်း လုပ်ကိုင်မယ်ဆိုတာကတော့ တစ်ယောက်နဲ့ တစ်ယောက် တင်ပြပုံချင်းတူချင်မှတူမယ်" ဟု အမည်မဖော်လိုသူ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင် တစ်ဦးက ပြောသည်။

ဦးဖြိုးမင်းသိန်းနှင့် သွားရောက်တွေ့ဆုံသည့် Kyaw San ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ယင်းတွေ့ဆုံမှုတွင် မည်ကဲ့သို့ ပူးပေါင်းလုပ်ကိုင်မည်ဆိုသည့် သဘောတူညီချက် ရရှိထားခြင်းမရှိသေးဟု ဆိုသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးသည့် အကြောင်းအရာနှင့် အခြားစက်သုံးဆီ ကုမ္ပဏီများနှင့် တွေ့ဆုံရန် ရှိသည်ဆိုသည့်သတင်း အတည်ပြုနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ဆက်သွယ်မေးမြန်းသော် လည်း တာဝန်ရှိသူများနှင့် တွေ့ဆုံခွင့်မရပေ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ၂၀၁၈ နှစ်ကုန်ပိုင်းက YP စက်သုံးဆီကုမ္ပဏီအား ဆီဈေးနှုန်း လျှော့ချရောင်းရန် သဘောတူညီချက်ဖြင့် နိုင်ငံပိုင်မြေကို သက်သာသော ဈေးနှုန်းဖြင့် ယင်းကုမ္ပဏီ၏ စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ထို့အပြင် အခြားစက်သုံးဆီ ကုမ္ပဏီများအနေဖြင့် တိုင်းဒေသကြီးအစိုးရက သတ်မှတ်သော စက်သုံးဆီဈေး ကျဆင်းရေးမူအတိုင်း လိုက်ပါဆောင်ရွက်နိုင်ပါက YP ကဲ့သို့ထောက်ပံ့ ကူညီမှုမည်ဟု ဦးဖြိုးမင်းသိန်းက ပြောကြား ထားသည်။

**Source:** http://www.7daydaily.com/story/150851

## စစ်ကိုင်းနှင့် မန္တလေးတိုင်းအတွင်း အိန္ဒိယ ဒန့်သလွန်မျိုးကို စီးပွားဖြစ် စိုက်ပျိုးလာ

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးအတွင်း အိန္ဒိယ ဒန့်သလွန်မျိုးများကို မိရိုးဖလာ စိုက်ပျိုးမှုမှ စီးပွားဖြစ် စိုက်ခင်းများဖြင့် တိုးချဲ့စိုက်ပျိုးလာကြကြောင်း ဒန့်သလွန်စိုက် တောင်သူများထံမှ သိရသည်။ အိန္ဒိယ ဒန့်သလွန်မျိုးသည် အပူပိုင်းသီးနှံ ဖြစ်သော်လည်း တောင်ပေါ်၊ မြေပြန့် ဒေသမရွေး ဖြစ်ထွန်းကာ ရာသီမရွေး စိုက်ပျိုးနိုင် သကဲ့သို့ စိုက်ပျိုးပြီး ခြောက်လခန့်အကြာတွင် စတင်အသီးသီးပြီဖြစ်၍ ခူးဆွတ်ရောင်းချနိုင်ပြီဖြစ်ကြောင်း မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမြို့နယ်မှ ဒန့်သလွန်စိုက်တောင်သူ ဦးရွှေညိုက ပြောသည်။

"အရင်နှစ်က တစ်ဧက စမ်းသပ်စိုက်ခဲ့တာ ကုန်ကျငွေ ကျပ်နှစ်သိန်းကျော်ပဲ ရှိပေမယ့် ပွဲရုံတွေနဲ့ ကုန်သည်တွေဆီ ကို ရောင်းရတဲ့ငွေက ခြောက်သိန်းဝန်းကျင်လောက် ရခဲ့တယ်။ ဒါကြောင့် ဒီနှစ်မှာ ဧကများများ စိုက်ဖို့ရှိသလို ဈေးကွက် ကျယ်ပြန့်လာအောင်လည်း တခြားမြို့နယ်တွေက ကုန်သည်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြော သည်။



ဒန့်သလွန်ပင် စိုက်ပျိုးခြင်းကို ကိုင်းဖြန့်၍ စိုက်နိုင်ပြီး နှစ်စဉ် မိုးဦးကျချိန် ဖွန်လတွင် စိုက်နိုင်သော်လည်း အပင် ရှင်သန်စေရန် ရေလောင်းပေးရ၍ ထိုအတွက် ကုန်ကျစရိတ် ပိုများသည်။ အစေ့ဖြင့် တိုက်ရိုက်ချ၍ စိုက်ပျိုးခြင်းကို နွေကာလ မတ်လနှင့် ဧပြီလများတွင် စိုက်ပျိုးနိုင်ပြီး ခြောက်လ ခန့်အကြာတွင် စတင်အသီးသီးပြီး ထိုအပင် များကို အသက် ၈ နှစ်သားအထိ ထားရှိခူးဆွတ်၍ရကြောင်း သိရသည်။

"ခြောက်လအကြာမှာ သီးတဲ့မျိုး ရှိသလို တစ်နှစ်ကျော်မှ သီးတဲ့မျိုးလည်းရှိတယ်။ ကိုင်းဖြတ်နည်းထက် အစေ့ တိုက်ရိုက်စိုက်တဲ့ အပင်းက ပိုသီးတယ်။ အပင် ဖြစ်ထွန်းဖို့ဆိုရင် မြေသြဇာ ကျွေးရသလို အပင်တွေကြား ပေါင်း မြက်တွေ မရှိအောင်လည်း ဂရုစိုက်ရတယ်။ ဒန့်သလွန်မျိုးစေ့ တစ်စေ့ကို ၆၅ ကျပ် ပေးရတယ် " ဟု စစ်ကိုင်း တိုင်းဒေသကြီး၊ ကလေးမြို့နယ်ရှိ ဒန့်သလွန်စိုက်တောင်သူ ဦးထိန်လင်းက ပြောသည်။

လက်ရှိ ပြည်တွင်းဈေးကွက်အတွင်း ဒန့်သလွန် တစ်စီး(ငါးတောင့်)လျှင် ကျပ် ၅၀၀ ခန့် ဈေးရှိနေပြီး ကျန်းမာ ရေးဓာတ်စာအနေဖြင့် သွေးတိုးရောဂါ၊ လေငန်ရောဂါ၊ သွေးတွင်း အဆီဓာတ်များခြင်း၊ ဆီးချိုရောဂါတို့အတွက် အသုံးပြုကြကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6865

## ကယားပြည်နယ်ထွက် ပြောင်း၊ ငရုတ်သီးခြောက်နှင့် ကြက်သွန်နီ ထိုင်းနိုင်ငံသို့ တင်ပို့မှုမြင့်တက်လာ

ကယားပြည်နယ်မှ ထွက်ရှိသည့် ပြောင်း၊ ငရုတ်သီးခြောက်နှင့် ကြက်သွန်နီ သီးနှံများကို မယ်စဲ့နယ်စပ်ကုန်သွယ်ရေး စခန်းမှ ထိုင်းနိုင်ငံဘက်ခြမ်း မယ်ဟောင်သို့ တင်ပို့မှုပမာဏအနေဖြင့် မြင့်တက်လာကြောင်း ကုန်သည်များထံက သတင်း ရရှိသည်။

"ထိုင်းဘက် မယ်ဟောင်ဆောင်ဘက်ကို ငရုတ်ခြောက် ပို့သလို သွင်းကုန်အနေနဲ့ လူသုံးကုန်(ဆပ်ပြာ) ဟင်းခတ် ပစ္စည်းမျိုးစုံ တင်သွင်းပါတယ်။ ငရုတ်ခြောက်ဆိုရင် ထိုင်းဘက်က စမ်းသပ်တင်ပို့ခဲ့တာ အရည်အသွေးကောင်းခဲ့လို့ တင်ပို့တာ အောင်မြင်တယ် ပြောလို့ရတယ်။ နောက် ပြောင်းတင်ပို့ရာမှာလည်း ကယားထွက်ပြောင်းက အခုနောက်ပိုင်း အခြောက်ခံမှုစနစ် အားကောင်းကောင်းနဲ့ တင်ပို့လာတော့ ထိုင်းကုန်သည်တွေလည်း ကြိုက်ကြတယ်" ဟု လွိုင်ကော် မြို့နယ်မှ အာလူးကုန်သည် ဦးခရင်က ပြောကြားသည်။

လက်ရှိ ထိုင်းဘက်သို့ တစ်ပတ်ကို ငရုတ်ခြောက် ကီလို ၆၄၀၀၀ ကျော် ကန်ဒေါ်လာ ၄၂၅ ဒသမ ၁၀ ခန့်၊ ကြက် သွန်နီ ၁,၀၀၀ ကီလိုဂရမ်၊ ပြောင်း တန်ချိန် တစ်ထောင်ကျော် အသီးသီးတင်ပို့ထားကြောင်း သိရသည်။ စိုက်ပျိုးရေး လုပ်ငန်းသည် ကယားပြည်နယ်တွင် ရာသီဥတု ကောင်းမွန်၍ စိုက်ပျိုးဖြစ်ထွန်းသော်လည်း ဈေးကွက်ရှာဖွေရေးတွင် အကန့်အသတ်များ ရှိနေသဖြင့် ဈေးကွက်ရှာဖွေပေးနိုင်သော အခြားလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ကိုင်မည်ဆိုပါက အလားအလာ အလွန်ကောင်းမွန်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

"အဓိကက ဈေးကွက်လိုတယ်။ ဒီမှာတော့ စားသုံးသူဈေးကွက်က နည်းတယ်။ တစ်ခြားဈေးကွက်တွေ ရှာပြီး လုပ်ဖို့လိုတယ်။ မြေယာနဲ့ ပတ်သက်ရင်တော့ ဒေသခံတွေဘက်ကလည်း စိတ်ဝင်စားကြမယ့် ပုံစံမျိုးရှိတယ်။ Contract Farming လိုပုံစံမျိုးတွေဆိုရင် အဆင်ပြေမှာပါ " ဟု ကယားပြည်နယ်၊ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းမြင့်က ပြောသည်။

လက်ရှိ ကယားပြည်နယ်၏ အဓိကကျသော စီးပွားရေးကဏ္ဍများမှာ လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် ၂၄ဒသမ ၄၃ ရာခိုင်နှုန်း၊ ကုန်သွယ်ရေး ကဏ္ဍတွင် ၁၉ဒသမ၉၂ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေး ကဏ္ဍတွင် ၁၃ဒသမ၉၈ ရာ ခိုင်နှုန်း၊ လူမှုရေးနှင့် အုပ်ချုပ်ရေး ကဏ္ဍတွင် ၇ဒသမ၆၉ ရာခိုင်နှုန်းနှင့် စက်မှုကဏ္ဍတွင် ၇ဒသမ၂ ရာခိုင်နှုန်းခန့် အသီးသီးရှိကြောင်း သိရသည်။

လက်ရှိ ကယားပြည်နယ်အတွင်း ငရုတ်ခြောက် တစ်ပိဿာလျှင် ၅,၅၀၀ ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ၇၅၀ ကျပ်နှင့် ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၀၀ မှ ၅၂၀ ကြား ဈေးပေါက်နေကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6864

## တရုတ်နိုင်ငံသို့ ကျွဲ၊ နွား အပတ်စဉ်ကုန်သွယ်မှု ပြန်လည်စတင်



တရုတ်နိုင်ငံသို့ ကျွဲ၊ နွား အပတ်စဉ် ကုန်သွယ်မှုကို ယခုလ ၁၉ ရက်နေ့မှ ပြန်လည် စတင်နေပြီဖြစ်ကြောင်း မန္တလေးတိုင်း ဒေသကြီး ကျွဲ၊ နွား တင်ပို့သူများအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

တရုတ်နိုင်ငံ ကျွဲ၊ နွား ကုမ္ပဏီများနှင့် မန္တလေးတိုင်း ဒေသကြီး ကျွဲ၊နွား တင်ပို့သူများအသင်းတို့သည့် အပတ်စဉ် ကျွဲ၊ နွား အကောင်ရေ တစ်ထောင် ဝယ်ယူရန်အတွက် ပြီးခဲ့သည့် ဇန်နဝါရီလ ၈ ရက်နေ့က စတင်ကာ ဆွေးနွေးခဲ့ရာတွင် နှစ်ဖက်သဘောတူညီချက်ရရှိခဲ့သည့်အတွက် ယခုလ ၁၉ ရက်နေ့ မှစတင်ကာ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည်။

"ပထဦးဆုံး ပို့တာကိုတော့ ၅၀၀ ပဲ တင်ပို့လိုက်တယ်။ အခုဒီလို အပတ်စဉ်တင်ပို့မှုက နှစ်နိုင်ငံက ကုန်သည်တွေ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်တာဆိုတော့ B to B လို့ ပြောလို့ရတယ်။ အစိုးရအချင်းချင်း ဆောင်ရွက်ပေးရင် ကျွဲ၊ နွား တင်ပို့မှုက ပိုအောင်မြင်လာမယ် " ဟု ဦးစိုးနိုင်က ဆိုသည်။

ယခု ဖေဖော်ဝါရီလ ၁၉ ရက်နေ့က တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ကျွဲ၊ နွား အကောင်ရေ ၅၀၀ ခန့်ကို အရွယ်အစားပမာဏ မခွဲခြားပဲ၊ တစ်ကောင်လျှင် ၂,၁၅၀,၀၀၀ ကျပ်ဖြင့် သတ်မှတ်ပြီး ရောင်းချခဲ့ကြောင်း သိရသည်။ လက်ရှိတွင် အပတ်စဉ် ကျွဲ၊ နွား ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေရန်အတွက် တစ်ပတ်လျှင် တစ်ကြိမ် တ ရုတ်နိုင်ငံ ကုမ္ပဏီများဘက်မှ ကျွဲ၊ နွား မဝယ်ယူခင် ကုန်ကျမည့်ငွေကို မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့ ရောင်းချသူများ အသင်းထံ ကြိုတင်ပေးသွင်းထားရကြောင်း သိရသည်။

"ကျွဲ၊ နွားတွေကို မူဆယ်ထိ သွားရောင်းနေစရာ မလိုတော့ဘူး။ ငွေသားလည်း ချက်ချင်းရတယ်။ မူဆယ်မှာဆိုရင် ဈေးဖြတ်ခံရတာ ဖြစ်လာနိုင်တယ်။ အပတ်စဉ် ကျွဲ၊ နွား ကုန်သွယ်မှုရှိတော့ တောင်သူတွေလည်း ဆင်ပြေစေနိုင်တယ် " ဟု ကျွဲ၊ နွား ကုန်သည် ဦးမြင့်အောင်က ပြောသည်။

တရုတ်နိုင်ငံသို့ အပတ်စဉ် ကျွဲ၊ နွားတင်ပို့ရာတွင် မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့သူများအသင်းဖြင့် ချိတ်ဆက်ထားသည့် ကုမ္ပဏီများသာ တင်ပို့ခွင့်ရရှိကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6863

## မြန်မာ-ဂျာမနီ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဘီလီယံကျော်ရှိ

မြန်မာ- ဂျာမနီ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ၂၀၁၈ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံကို ကျော်လွန်ခဲ့ကြောင်း ဂျာမနီသံရုံးမှ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါကုန်သွယ်မှုတွင် မြန်မာမှ ဂျာမနီနိုင်ငံသို့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရှိခဲ့ပြီး ပို့ကုန်တန်ဖိုးသည် အမေရိကန် ဒေါ်လာ ၁၄၅ မီလီယံ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘက်မှ အဓိကအားဖြင့် အထည်အလိပ်၊ ကျောက်မျက်ရတနာ နှင့် ဆန်စပါးကို တင်သွင်းပြီး ဂျာမနီ ဘက်မှ စက်ယန္တရားများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆေးဝါးများ နှင့် ဓာတ်ပုံပညာရပ်ဆိုင်ရာ ထုတ်ကုန်များကို တင်ပို့နေခြင်း ဖြစ်သည်။

လက်ရှိတွင် ဂျာမနီနိုင်ငံသည် အီးယူနိုင်ငံများအနက် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်မှုမိတ်ဖက်နိုင်ငံ ဖြစ်နေပြီး၂၀၁၄ခုနှစ်မှ စတင်၍ ဂျာမနီ - မြန်မာ နှစ်နိုင်ငံကြား ကုန်သွယ်မှုသည် မြင့်တက်ခဲ့ခြင်း ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံမှ ဂျာမနီနိုင်ငံသို့သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၃၃ မီလီယံဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပြီး ဂျာမနီနိုင်ငံမှ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၃၁ မီလီယံ ဖြင့် အနည်းငယ်တိုးတက်ခဲ့သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံရုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာအချက်အလက်များကို ဂျာမနီနိုင်ငံ၊ စာရင်းအင်းဌာန ဝက်ဘ်ဆိုက် www.destatis.de သို့ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**Source:** http://www.mizzimaburmese.com/article/54963

## မင်းဘူးဒေသထွက် လက်ပံပွင့်ခြောက်များ ရခိုင်ပြည်နယ်သို့တင်ပို့ရောင်းချရ

ယခုနွေဦးပေါက်ကာလတွင် မင်းဘူးဒေသ သီးနှံရောင်းဝယ်ရေးပွဲရုံများအနေဖြင့် လက်ပံ ပွင့်ခြောက်များကို ရခိုင်ပြည်နယ်သို့ တင်ပို့ရောင်းချနေရပြီး အဆိုပါလက်ပံပွင့်ခြောက် များကို ရခိုင်ဒေသတွင် မိုးတွင်းကာလစားသုံး ရန် ဟင်းချက်စရာအဖြစ် ဝယ်ယူကြကြောင်း သိရသည်။

**တင်ပို့ရောင်းချ**

"ယခုလိုကာလဆို လက်ပံပွင့်ခြောက်တွေ ကို ရခိုင်ဘက်က မှာယူနေတာကြောင့် နေ့စဉ် တင်ပို့ပေးနေရတယ်။ ရခိုင်တွေက မန်ကျည်း သီးမှည့်လှောင်သလို လက်ပံပွင့်ခြောက်တွေ ကို ကြိုတင်ဝယ်ပြီး လှောင်ကြတယ်။ မိုးတွင်း ကာလ သွားရေး၊ လာရေးခက်ခဲတဲ့အချိန်တွေ မှာ ငါး၊ ပုစွန်တွေနဲ့ရောပြီး ချက်စားကြတယ်။ တချို့က ချဉ်ဟင်းချက်စားကြသလို သုပ်စားတာလည်းရှိတယ်။ လက်ရှိမှာလည်း လက်ပံပွင့်ခြောက် တစ်ပိဿာကျပ် ၂၅၀၀ ဈေးနဲ့ တင်ပို့ရောင်းချ ပေးနေရပါတယ်" ဟု မင်းဘူး မြို့ ဆင်ဖြူကျွန်းသီးနှံပွဲရုံပိုင်ရှင် မလတ်က ပြောဆိုသည်။



မင်းပြား၊ မြောက်ဦး၊ ပုဏ္ဏားကျွန်းစသည့် မြို့များသို့ အဓိက ထားတင်ပို့ရောင်းချကြောင်း၊ ရခိုင်ဒေသတွင် လက်ပံပွင့်ခြောက်များကို ပြုတ်ပြီး ကြိုးဖြင့်သီတာ တစ်ပွင့်လျှင် ကျပ် ၅၀ ဖြင့် ဈေးနှင့် ကားဂိတ်များ၌ ရောင်းချကြသည်ကို တွေ့ရကြောင်း၊ လက်ပံပွင့် ခြောက်ကို ရခိုင်ဒေသတစ်ခုတည်းသာ တင်ပို့ရောင်းချရကြောင်း သိရသည်။

**အခြောက်လှန်ရောင်းချ**

"ကျွန်မတို့ ရွာထဲမှာရော၊ ရွာပြင်မှာပါ။ လက်ပံပင်တွေ ရှိပါတယ်။ အခုလို နွေဦးပေါက်ကာလမှာ လက်ပံပွင့်တွေက ရဲရဲနီပြီး ပွင့်ကြတယ်။ ယခင်ကတော့ လက်ပံပွင့်ခြောက် ဝယ်ယူတာမရှိခဲ့ပါဘူး။ ယခုနောက်ပိုင်း ပွဲရုံတွေက လက်ပံပွင့် ခြောက်တွေ ဝယ်ယူတယ်လို့ သိရတဲ့အတွက် လက်ပံပွင့်တွေ လိုက်ကောက်ပြီး အခြောက်လှန်းကာ ပွဲရုံကို ရောင်းကြချပါ တယ်" ဟု မင်းဘူးမြို့ ကျောက်တန်းကျေးရွာနေ မယုက ပြောဆိုသည်။

လက်ပံပွင့်အစို ငါးပိဿာကိုနေလှန်း အခြောက်ခံပါက အပွင့်ခြောက် တစ်ပိဿာရကြောင်း၊ မည်သည့်အရင်းမှ စိုက်ထုတ်စရာမလိုဘဲ ဒေသခံများအတွက် အပိုဝင်ငွေရရှိကာ စားဝတ်နေရေး အထောက်အကူ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/120831.html

## မြန်မာ- တရုတ်နယ်စပ်စီးပွားရေးဇုန်အတွင်း အခွန်ပေးစရာမလို

မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဇုန်အတွင်းမှာ လုပ်ကိုင်မယ့် လုပ်ငန်းတွေ အနေနဲ့ အခွန်ပေးစရာမလိုဘဲ တစ်ဖက်နိုင်ငံကို ကုန်စည်တွေတင်ပို့နိုင်မယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက သိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးက "ကျွန်တော်လုပ်မယ့် လုပ်ငန်းတွေနဲ့ ပတ်သက်လို့ကတော့ MIC ရဲ့ ခွင့်ပြုချက်နဲ့ လုပ်မှာပါ၊ အဲဒီတော့ ကျွန်တော်တို့က နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်မှာ ပင်မဇုန်ရှိတယ်၊ ပင်မဇုန်ကတော့ တရုတ်နဲ့ မြန်မာနဲ့တစ်ခြမ်းစီလုပ်ကြမယ်၊ အဲဒါနဲ့ ဆက်စပ်တဲ့ဟာကတော့ စက်မှုဇုန်တွေရှိမယ်၊ စက်မှုဇုန်ကတော့ MIC ရဲ့ခွင့်ပြုချက်နဲ့ ကျွန်တော်တို့ လုပ်ရမှာ ဖြစ်ပါ တယ်၊အခွန်ကင်းလွတ်မယ်ဆိုတာကတော့ ပင်မဇုန်ထဲကို သွားလိုက်တယ်ဆိုလို့ရှိရင် ဒီနေရာမှာ အခွန်ပေးစရာ မလိုတော့ပါဘူး၊ တရုတ် နိုင်ငံဘက်ကို ပို့လို့ရမှာဖြစ်ပါ တယ်" လို့ ပြောပါတယ်။

လက်ရှိမှာ အစိုးရအနေနဲ့ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ကို တည်ဆောက်ဖို့ ကချင်ပြည်နယ် ကန်ပိုက်တီး၊ ရှမ်းပြည်နယ်(မြောက် ပိုင်း) မူဆယ်နဲ့ ချင်းရွှေဟော်ဒေသတို့ကို လျာထားပါတယ်။ သည့်အတွက် သည်ဇုန်ထဲမှာ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ဖို့ စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) ကိုလည်း သည်လထဲမှာ ခေါ်ယူသွားမှာဖြစ်ပါတယ်။ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အတွင်းမှာ ကုန်ပစ္စည်း ထုတ် လုပ်ခြင်း၊ ခရီးသွားကဏ္ဍမြှင့်တင်ရေးကဏ္ဍနဲ့ တခြားကုန်ထုတ်လုပ်မှုကဏ္ဍတွေလည်း ပါဝင်မှာဖြစ်ပါတယ်။မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ကို အကောင်အထည်ဖော်နိုင်ရင် နယ်စပ်ဒေသမှာ အလုပ်အကိုင် အခွင့်အလမ်းပေါ်များခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ခြင်းနဲ့ ပြည်တွင်းကုန်ထုတ်လုပ်မှုများလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးအတွက်လည်း များစွာအထောက်အကူ ဖြစ်လာမှာဖြစ်တဲ့အတွက် နိုင်ငံ့ရဲ့ ကုန်သွယ်မှုပမာဏတွေလည်း သိသိသာသာတိုးတက်လာမှာ ဖြစ်တယ်လို့ သိရပါ တယ်။

လက်ရှိမှာ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ ကုန်သွယ်မှုပြုလုပ်ရာမှာ နယ်စပ်ကုန်သွယ်ရေးကဏ္ဍက ၇၀ ရာခိုင်နှုန်းခန့် ရှိနေတယ်လို့ လေ့လာသိရှိရပါတယ်။

**Source:** https://www.kumudranews.com/news-32469?fbclid=IwAR1bZgKHWbNZqqXr_0efoZvXho5PH171UbmMGrrGY54mxjAWBT8eApQg6hY

## ပြည်ပသို့ ပဲမျိုးစုံတိုးမြှင့်တင်ပို့ရေး ဟောပြောဆွေးနွေးပွဲ ဟသ်ာတမြို့တွင်ကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ ညွှန်ကြားရေးမှူးတို့သည် ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်ပသို့ ပဲမျိုးစုံတိုးမြှင့်တင်ပို့ရေး ဟောပြော ဆွေးနွေးပွဲ အစီအစဉ် (၂) ကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ဟသ်ာတမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးခန်းမတွင် ၂၆-၂ -၂၀၁၉ ရက်နေ့ နံနက် ၉း၀၀ မှ နေ့လည် ၁၂း၀၀ ထိ ကျင်းပ ပြုလုပ် ခဲ့ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ခရိုင်နှင့်မြို့နယ် ဦးစီးမှူးများ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ ခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးစီးမှူးများ ဒေသခံပဲမျိုးစုံကုန်စည်ဒိုင်မှ ကုန်သည်လုပ်ငန်းရှင်များ မြို့နယ်အလိုက် ပဲစိုက်တောင်သူများ တက်ရောက်သူဦးရေ (၁၀၀)ခန့် ရှိခဲ့ပါသည်။ လက်ရှိတင်ပို့လျှက်ရှိသော မတ်ပဲအပြင် အခြားဈေးကွက်ဝင် ပဲအမျိုးအစားများကိုစိုက်ပျိုးထုတ်လုပ်၍ ပြည်ပတင်ပို့နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Source: ရေးကုန်သွယ်မှုဗဟိုဌာန**

## STOCK EXCHANGE (26.2.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th Feb. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 4,610 | 40,568,000 | 27,112,747 | 238,592 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,850 | 4,153 | 11,943,700 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,300 | 7,300 | 7,200 | 24 | 174,800 | 10,400,986 | 74,887 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 22,000 | 2 | 44,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.30 | +0.91 | +0.24% | 375.39 | 376.30 | 375.39 | 8,789 | 52,730,500 | 5 | 513,734 |

**Index chart**




# Market Overview

As of 1:00 pm, 26th Feb. 2019

| MYANPIX | 376.30 ▲ 0.91 |
|---|---|
| Total Volume (shares) | 8,789 |
| Total Value (MMK) | 53 mil |
| Listed Company | 5 |
| Market Cap. (MMK) | 513,734 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,700 | ▲ 0 |

TIR